## ဓမ္မခန္တာ (၁၁၁) မီးလျှံ (အလ်–လဟာ့ဘ်)

ဥဘက်စဉ်ကိန်းဝပ်ပေးမှု အမှတ်စဉ် (၆)၊ သုတ်ဒေသနာ (၅)ပါး၊

ဦးဌေးလွင်ဦး ပြန်ဆိုသည်။

**بِسْمِ اللّٰهِ الرَّحْمَنِ الرَّحِيمِ**

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော ပရမတ်ဘုရားရှင်၏ ဂုဏ်တော်အားဖြင့်–[၁း၁]

| | |
|---|---|
| ၁။ | **تَبَّتْ يَدَا أَبِي لَهَبٍ وَتَبَّ۞**<br>ဒေါသမီး ဖခင်၏ လက်များသည် ဖျက်ဆီးခံရလတ္တံ့၊ သူလည်း ဖျက်ဆီးခံရလတ္တံ့။[၁၂၃] |
| ၂။ | **مَا أَغْنَى عَنْهُ مَالُهُ وَمَا كَسَبَ۞**<br>သူ့ ဥစ္စာပစ္စည်းတို့သည် သူ၏ ပြုကွဲကျခြင်းမှ ကုံလုံပြည့်စုံခြင်း မရှိချေ |
| ၃။ | **سَيَصْلَى نَارًا ذَاتَ لَهَبٍ۞**<br>သူသည် အလျှံပြောင်ပြောင် အပူမီး၌ တစ်သားတည်း ဖြစ်ရလတ္တံ့။ |
| ၄။ | **وَامْرَأَتُهُ حَمَّالَةَ الْحَطَبِ۞**<br>မီးစ သယ်ဆောင်ထားသူ သူ့အမျိုးသမီး–[၁၂၄] |
| ၅။ | **فِي جِيدِهَا حَبْلٌ مِّن مَّسَدٍ۞**<br>သူမ၏ လည်ပင်း၌ ကျစ်ထားသော ကြိုးဖြင့် ဆိုင်းထားလတ္တံ့။ |

---

(၁၂၃) **အဘူလဟာ့ဗ်** ၏ အဓိပ္ပါယ်မှာ ဒေါသမီးလျှံ၏ ဖခင်ဟု ဖြစ်ပေသည်။ ထိုစကားလုံးသည် အလွန်ဒေါသကြီးတတ်သော လူသားကို ခေါ်သည့် အသုံးဖြစ်ပေသည်။ အာရဗ်များက ကောင်းလွန်းသော သူအား **အဘူခိုင်းရ်** ဟု ခေါ်ဆိုပေသည်။ သမိုင်းဆရာများက **အဘူလဟာဗ်** ဆိုသည်မှာ ကိုယ်တော် မုဟမ္မဒ်၏ ဦးလေးတော် **အဗ္ဗဒူလ် အူဇ္ဇာ** ကို ခေါ်သည်ဟု ရေးသားကြပေသည်။ သို့သော် ထိုအထောက်အထားကို ကျမ်းမြတ်ကုရ်အံ တွင် မတွေ့ရပေ။ သို့ဖြစ်၍– မဆင်မခြင် ဒေါသကြီးတတ်သော လူသား၊ အာဏာမက်၍ ဒေါသဖက်နေသော လူသား မည်သူ့ကို မဆို ပုံဆောင် ခိုင်းနှိုင်းခြင်း ဖြစ်ပေသည်။ ထိုအချက်ကို သူ၏ လက်များ (လုပ်ပိုင်ခွင့် အာဏာများ) ပျက်စီးရလတ္တံ့၊ ဟူသည့် စကားလုံးက အတိအကျ ပြောဆိုလျှက် ရှိပေသည်။ ကမ္ဘာ့နောက်ဆုံးနေ့အထိ တည်ရှိရှင်သန်နေမည့် ကျမ်းမြတ်ကုရ်အံတွင် လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀ နီးပါးမှ လူသားတစ်ယောက်၏ အကြောင်းကို သခ်န်းစာ ယူစရာ မရှိဘဲ ပုံခိုင်းနှိုင်းမည် မဟုတ်ချေ။– ထိုသူ၏ ဥစ္စာပစ္စည်း၊ ဩဇာအာဏာတို့သည် ထိုသူ၏ ကျဆုံးချိန်သို့ ရောက်လာလျှင် သူ့အား ကာကွယ်ပေးနိုင်ရန် ပြည့်စုံခြင်း မရှိတော့ချေ–ဟု ဆက်လက်ပါ သုတ်တော်မှ ဆိုထားပေသည်။

(၁၂၄) လူတစ်ယောက်သည် မဆင်မခြင် ဒေါသကြီးနေခြင်း၊ အာဏာဂုဏ်မက်နေခြင်းမှာ– သူ့အပါး၌ မြှောက်ထိုးပင့်ကော် လုပ်နေသည့် ဇနီး မယားနှင့်လည်း ဆိုင်သည်ဟု ကျမ်းတော်က ဆိုပေသည်။ ထိုအမျိုးသမီး အတန်းအစားသည် မိမိ၏ ခင်ပွန်း ဒေါသ ဖြစ်ရစေရန် မီးထည့်ပေးနေခြင်း ဖြစ်ပေသည်။ နောက်ဆုံးတွင် ထိုအမျိုးသမီး အတန်းအစားသည်လည်း ကြိုးစင်သို့ တက်ရမည်ပင်၊ အဖြစ်ဆိုးနှင့် ကြုံရမည်ပင်ဟု– လူသားများ တရားသံဝေဂ ရစေရန် ပုံဆောင် တင်ပြထားခြင်း ဖြစ်ပေသည်။